# ကင်ပေတိုင့်မှာတမ်း (ရဲရင့်တင့်ဆွေ)



တဖျတ်ဖျတ် လှုပ်ခတ်သံကြောင့် ပြတင်းတံခါးမှ အပြင်သို့ ကြည့်မိသည်။ သုံးရောင်ခြယ် ပိုးသားအလံမှာ လေ၌ တလူလူ လွင့်လျက်ရှိသည်။ စိမ်းစိုနေသော သစ်ပင်၊ ခန့်ညားသော အဆောက်အဦ၊ ရုံးဝင်းနှင့် နိုင်ငံတော် အလံတို့မှာ ပန်းသင့်လှသည်။ ကားပါကင်၌ ကားအချို့ ရပ်ထားသည်ကို တွေ့ရသည်။ အစိမ်းရောင် မာစတာဂျစ်နှင့် အပြာရောင် အီး-၂၀၀၀၊ လေးဘီးကားတို့သာရှိပြီး အခြားမည်သည့်ကားကိုမျှ မတွေ့ရ။ ရုံးအဝင်လမ်းနှင့် သစ်ပင်အောက် သစ်သားခုံလေးများမှာလည်း လူသူအရိပ်အယောင် မမြင်ရ။ တိတ်ဆိတ်ခြောက်ကပ်လွန်းလှ သည်။ "ဆရာ . . . . ဝင်ခဲ့ပါရစေ" ဟူသောအသံကြောင့် အခန်းအတွင်းသို့ ပြန်လှည့်ကြည့်မိသည်။ တစ်နှစ် တစ်ခေါက်လောက်သာ ရုံးသို့ လာရောက်တတ်သော ကချင်ပြည်နယ်မှ ထုတ်ဝေသူ အသိတစ်ဦးဖြစ်နေသည်။ "ဆရာတို့ရုံးက အပြင်မှာ ဘယ်သူ့မှ မတွေ့လို့ ပိတ်ထားသလားတောင် အောက်မေ့နေတာ"ဟု သူက ဆိုသည်။ ကျွန်တော်ပြုံးမိသည်။ "ကျွန်တော်တို့ ဝန်ထမ်းအားလုံး ရုံးတက်ပြီး ပုံမှန်အတိုင်း အလုပ်လုပ်နေကြတာပါ"ဟု ဖြေလိုက်သည်။

ရန်ကုန်မြို့ ဗဟန်း ဝင်္ကပါလမ်းရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနဆိုသည်မှာ မြန်မာသာမက ကမ္ဘာ့အထိပါ နာမည်ဆိုးနှင့် ကျော်ကြားသော ရုံးတစ်ရုံးဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ စာပေပုံနှိပ်လိုသူ၊ ထုတ်ဝေလိုသူ ပုဂ္ဂိုလ်တိုင်းသည် ဤရုံး၌ ဥပဒေအရ မှတ်ပုံတင်ကြရသည်။ စာတည်းအဖွဲ့တိုင်း၊ စာရေးဆရာတိုင်းသည် မိမိတို့ ရေးသားဖော်ပြလိုသော အကြောင်းအရာ အားလုံးကို ညွှန်ကြားချက်နှင့်အညီ ဤရုံးသို့ တင်ပြကြရသည်။ စိစစ်မှုခံယူပြီးမှသာ အများပြည်သူသို့ ပုံနှိပ် ထုတ်ဝေခွင့် ရှိသည်။ ယင်းညွှန်ကြားချက်ကို မလိုက်နာခဲ့ပါက ထောင်ဒဏ်၊ ငွေဒဏ်တို့ကို ကျခံရလိမ့်မည်ဟု ဥပဒေက ဆိုထားသည်။ ထို့ကြောင့်ပင်လျှင် မြန်မာနိုင်ငံအတွင်း ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ စာရေးဆရာ၊ အယ်ဒီတာ အားလုံးတို့သည် ၎င်းရုံးကို ဦးတိုက်ကြရသည်။ ဝင်ထွက် သွားလာ ကြရသည်။ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ကြရသည်။ ဤသို့ဖြင့် စာပေစိစစ်ရုံးကြီးမှာ ဆယ်စုနှစ် ငါးစုနီးပါး ကြက်ပျံမကျ စည်ကားခဲ့ရသည်။ မျက်မှောက်အချိန်တွင်တော့ ရုံးကြီးသည် အဘယ်အကြောင်းကြောင့်များ ခြောက်ကပ် တိတ်ဆိတ် သွားရပါသနည်း။

၁၉၆၂ ခုနှစ်က နိုင်ငံအတွက် ပြဋ္ဌာန်းမှုပြုခဲ့သော ပုံနှိပ်ထုတ်ဝေ ဥပဒေသည် ယင်းခေတ်အခါနှင့်တော့ အံကိုက်သည်ဟု ဆိုရမည်။ စစ်အေးခေတ်အရှေ့နှင့် အနောက်အုပ်စုများ အားပြိုင်ချိန်၌ လက်ဝဲ လက်ယာ အယူဝါဒ အမျိုးမျိုးကို အရှေ့တောင်အာရှနိုင်ငံများက ကာကွယ်ခဲ့ကြရသည်။ ထို့ကြောင့်ပင် စာပေစိစစ်ခြင်းဟူသော အဖွဲ့အစည်းမျိုးတွေ၊ ဥပဒေတွေလည်း ပြဋ္ဌာန်းခဲ့ကြသည်။ သို့သော် စစ်အေးခေတ်နှောင်းပိုင်း ၁၉၈၀ ပြည့်နှစ် များနှင့် ၁၉၉၀ ပြည့်နှစ်တို့အရောက်၌မူ အားလုံးက ပြောင်းလဲပြင်ဆင်သွားကြသည်။ နိုင်ငံရေးစနစ် ပြောင်းလဲလာမှုနှင့် နည်းပညာ ပြောင်းလဲလာမှုအရ လူတွေ၏ တွေးခေါ်ကြံဆမှုတွေက ပိုမိုလွတ်လပ်လာသည်။ လွတ်လပ်မှုနှင့်အတူ ပြောင်းလဲမှု၊ ဖွံ့ဖြိုးမှုတွေလည်း ၎င်းနိုင်ငံများ၌ ဖြစ်ပေါ်ခဲ့ကြသည်။ မြန်မာတို့ကမူ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုံးစုံ ပြောင်းလဲရမည်ကို သိသော်လည်း အမျိုးသား သွေးစည်းညီညွတ်မှု မရှိခြင်းကြောင့် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် စစ်အေးခေတ်ပြီးချိန်က စရေတွက်လျှင် ဆယ်စုနှစ်နှစ်စုကျော် နောက်ကျကျန်ရစ်ခဲ့ပေပြီ။

၂၀၁၁ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံအတွက် လွှတ်တော်နှင့် ဒီမိုကရက်တစ် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အထူးအလေးပေး လုပ်ဆောင်သကဲ့သို့ ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရန်အတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လုပ်ကိုင်ပုံစနစ်တို့ကို ပြုပြင်ပြောင်းလဲခဲ့သည်။ ပြင်ဆင်စရာရှိသည့် ဥပဒေ၊ နည်းဥပဒေတို့ကို လွှတ်တော်က ကြားနာစိစစ်ပြီး အသစ်အသစ်တို့

ပေါ်ထွက်စေခဲ့သည်။ ဥပဒေအသစ်မပေါ်မီ ကြားကာလအတွက် သက်ဆိုင်ရာ နယ်ပယ်၌ တည်ဆဲဥပဒေနှင့် လက်တွေ့ လုပ်ဆောင်နေမှုတို့ကို သဟဇာတဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့သည်။ တစ်ချိန်က စာပေများကို စိစစ်မှုခံယူပြီးမှသာ ပုံနှိပ်ထုတ်ဝေခွင့်ရှိသော ကင်ပေတိုင်ရုံးသည်လည်း အဆင့်အလိုက် ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်ပေးခဲ့ရသည်။ ယင်းကြောင့်ပင်လျှင် ဆယ်စုနှစ် ငါးစုနီးပါး ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ စာရေးဆရာ၊ အယ်ဒီတာများနှင့် ကြက်ပုံမကျ စည်းကားခဲ့သည့် စာပေ ကင်ပေတိုင်ရုံးသည် တဖြည်းဖြည်းချင်း နိဗ္ဗာန်ဝင် အဆုံးသတ်မည့် အခြေအနေများသို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

အလုံးစုံသော စာပေစိစစ်ခြင်း လုပ်ငန်းတို့သည် လုံးဝဥဿုံ ဖျက်သိမ်းပေးရမည် ဖြစ်သည်။ မကြာမတင်သော ကာလအတွင်းတွင် ညွှန်ကြားချက်၊ ဥပဒေအသစ်တို့သည် မုချ မလွဲမသွေ ထွက်ပေါ်လာတော့ မည်ဖြစ်သည်။ ကြီးစွာသော အန္တရာယ် ဒုက္ခနှင့် အတားအဆီးတို့ကို တွေ့ကြုံခံစားခဲ့ရသည့် စာပေသမားများသည် အမှောင်တွင်းမှ အမှန်တကယ် လွတ်ကင်းပါတော့မည်။ သို့သော်လည်း စိတ်မကောင်းစရာတစ်ခုမှာ အမှောင်တွင်း၌သာ အိပ်မောကျနေကြသော စာပေသမား အများစုကိစ္စ ဖြစ်သည်။ အနာဂတ် ပေါ်ပေါက်လာတော့မည့် အဖြစ်အပျက်များကို အိပ်မက်သဖွယ် မြင်ယောင်နေကြဆဲဖြစ်သည်။ နှစ် ၅၀ တိုင်တိုင် အပိတ်အဆို့၊ အတားအဆီး၊ အကျပ်အတည်းများအတွက် ခံစားချက်၊ နာကြည်းချက်တို့ကိုသာ လှုံ့ဆော်မွေးမြူနေကြမှု ဖြစ်သည်။ အမှန်တကယ် စာပေလွတ်လပ်ခွင့်ရှိပြီဆိုလျှင် ဘာလုပ်ကြမလဲဟုသာ အမေးရှိပါက မည်သို့ ဖြေဆိုကြပါမည်နည်း။ လွတ်လပ်ခွင့်ဆိုသည်မှာ အစိုးရကို တိုက်ခိုက်ရန်လား၊ နှစ် ၅၀ တွေ့ကြုံ ခံစားမှုတွေကို ဖော်ထုတ်ရန်လား၊ လက်စားချေရန်လား၊ စာပေကင်ပေတိုင်ဆိုသူတွေကိုပဲ အမုန်းပွားဖို့လား၊ စာပေလောကသားအချင်းချင်း လွတ် လွတ်လပ်လပ် ထိုးနက်တိုက်ခိုက်ကြဖို့လား၊ ဘာတွေဖြစ်လာမည်ကို သိချင်စမ်းလှသည်။

တစ်ချိန်က စာပေများကို စိစစ်မှုခံယူပြီးမှသာ ပုံနှိပ် ထုတ်ဝေခွင့်ရှိသော ကင်ပေတိုင်ရုံးသည်လည်း အဆင့်အလိုက် ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်ပေးခဲ့ရသည်။ ယင်းကြောင့်ပင်လျှင် ဆယ်စုနှစ် ငါးစု နီးပါး ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ စာရေးဆရာ၊ အယ်ဒီတာများနှင့် ကြက်ပုံမကျ စည်းကားခဲ့သည့် စာပေကင်ပေတိုင်ရုံးသည် တဖြည်းဖြည်းချင်း နိဗ္ဗာန်ဝင် အဆုံးသတ်မည့် အခြေအနေများသို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည် . . .

၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့၌ ဝါရင့်သတင်းစာဆရာကြီး ဦးဝင်းတင်က ပျက်စီးခြင်းနဲ့ ဖျက်ဆီးခြင်းကင်းမှသာလျှင် သတင်းစာလွတ်လပ်ခွင့်၊ စာနယ်ဇင်း လွတ်လပ်ခွင့် တည်ထွန်းနိုင်တယ်ဟု ပြောသည်။ စာပေလွတ်လပ်ခွင့်ဆို တာ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ အကြံအစည်တွေ၊ စိတ်ကူး စိတ်သန်းတွေ၊ ထင်မြင်ချက်တွေ၊ စေ့ဆော်ချက်တွေ၊ တိုက်တွန်းချက်တွေ ဒီလိုအချက်တွေကို ရေးနိုင်မှ သာလျှင် ပြည့်စုံတယ်ဟု ဆိုသည်။ ဆရာကိုတာက သတင်းတစ်ခုက လူသူလေးပါး သိသင့်၊ မသိသင့်၊ လူတွေရဲ့ဆင်ခြင်ဉာဏ်ကို လူတစ်ယောက်၊ လူတစ်စုက အပိုင်စီးတာမျိုးက ဟန် မကျပါဘူးဗျာ။ အဲဒီသူက ဉာဏ်ပညာကြီးသတဲ့လားဟု ပြောသည်။ အမှန်ကိုဆိုရလျှင် စိစစ်ခြင်းဆိုသော အချင်းအရာမရှိတော့ပါက ဤစကားစုတို့မှာ မည်၍မည်မျှ အဓိပ္ပာယ်ရှိတော့မည်နည်း။ အမှန် တကယ် ရွှေ့လျား ပြောင်းလဲနေသော ပြုပြင်ပြောင်းလဲမှု အရွှေ့များနှင့်အတူ အနာဂတ်ကို ယခုထက်ပို၍ မှန်းဆကြည့်စေလိုသည်။ အမှန်တကယ် လွတ်လပ်ပြီဆိုလျှင် စာပေလောက သားတို့ မည်သို့မည်ပုံ နိုင်ငံ့အကျိုးအတွက် ထမ်းရွက် ကြသင့်သည်ကို စဉ်းစားကြဖို့ ကောင်းပြီဖြစ်သည်။ စာရေးဆရာများတွင် လည်းကောင်း၊ သတင်းစာဆရာများတွင် လည်းကောင်း၊ ပုံနှိပ် ထုတ်ဝေ ဖြန့်ချိ လောကသားများတွင်လည်းကောင်း အောက်ခြေအဆင့် ယေဘုယျ ညီညွတ်မှုတစ်ခု တည်ဆောက်ကြဖို့ သင့်ပြီဖြစ်သည်။ အနာဂတ် စာပေလောကအတွက် ခြိမ်းခြောက်မှုသည် အစိုးရလား၊ စီးပွားရေး အုပ်စုတွေလား၊ လူမှုရေးဗန်းပြ အဖွဲ့အစည်းတွေလား၊ ဘယ်သူတွေက အဓိက စိန်ခေါ်လာနိုင်သည်ကို စဉ်းစားပြီး ကြိုတင် အကာအကွယ်တွေ ပူးပေါင်းဆောင်ရွက်ကြဖို့သင့်ပြီ ဖြစ်သည်။ ထိုအခါ စာပေလောကအတွင်း ခိုင်မာတောင့် တင်းသော အဖွဲ့အလိုက် စည်းမျဉ်း စည်းကမ်းများသည် လည်းကောင်း၊ ကျင့်ဝတ်များသည် လည်းကောင်း၊ အရည်အသွေး ပြည့်ဝသော လူ့အရင်းအမြစ်များသည် လည်းကောင်း၊ ခေတ်မီတိုးတက်သော နည်းပညာတို့သည်လည်းကောင်း လိုအပ်ချက်တွေဖြစ်လာပါမည်။ ၎င်းအရာတွေအတွက် စာပေသမားအားလုံး ညီညီညွတ်ညွတ် ဦးလှည့်ကြဖို့သင့်ပြီဟု ထင်မြင်သည်။

ဂျာနယ်တစ်စောင်တွင် လူပုံအလယ်၌ ဂျာနယ်လစ် လူငယ်တစ်ဦးက ပြည်ထောင်စု ဝန်ကြီးတစ်ဦးကို မေးသောမေးခွန်းအတွက် အထူးအံ့သြ စိတ်မကောင်းဖြစ်ရသည်။"ဝန်ကြီးကို ပြုတ်မယ့်သူတွေအထဲမှာ ပါနေတယ်လို့ ကြားသိရပါတယ်၊ အဲဒီအပေါ် ဝန်ကြီးရဲ့ ခံစားမှုအမြင်ကို ပြောပေးပါ" ဟူသော အမေးသည် တက်သစ်စ ဂျာနယ်လစ်လောကတစ်ခုလုံးကို လွန်စွာ အရုပ်ဆိုး အကျည်းတန်စေလွန်းလှသည်။ ငယ်စဉ်က အဖြစ်အပျက် တစ်ခုကိုလည်း အမှတ်ရမိသည်။ ကျွန်တော်အသက် အစိတ်အရွယ် ဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းစဉ်က

HeinHtunZaw

ကျွန်တော်၏ မိဘ ဆရာသဖွယ်ဖြစ်သူ တပ်မမှူးတစ်ဦးက မေးဖူးသည်။"မင်းအဖေက ဘယ်ကလဲ၊ ဘာလုပ်လဲ" ဆိုသော အမေးအတွက် ကျွန်တော့်တွင် ခံစားချက်ရှိသည်။ တော်ရုံတန်ရုံကိစ္စများ၌ အဖေ့ကို မေးလျှင် အမှုထမ်း၊ အငြိမ်းစား ဟူသော ဖြေလေ့ရှိသည်။ တပ်မမှူးက မင်းကလည်း တစ်ခွန်းမေး၊ တစ်ခွန်းဖြေ မလုပ်နဲ့ ဖြေစမ်းပါဟုဆိုသဖြင့် "အဖေက လမ်းစဉ်ပါတီမှာ ဗဟိုကော်မတီကို အထောက်အကူပြုရတဲ့ အတွင်းရေးမှူးအဖွဲ့ရဲ့ အတွင်းရေးမှူးတစ်ဦး ဖြစ်ခဲ့ပါတယ်။ ပါတီစည်းကမ်း ဖောက်ဖျက်မှုကြောင့် ၁၉၇၉ ခုနှစ်မှာ ပြုတ် သွားတာပါ"ဟု ဖြေလိုက်သည်။ ကျွန်တော့်အဖြေအတွက် တပ်မမှူးက ပြုံးပြီး '"မင်းခံစားချက်ကို သိပါတယ်ကွာ၊ အငြိမ်းစားယူတယ်လို့ပြောရင် ပိုမကောင်းဘူးလား၊ လူတွေအားလုံး နားခံသာတဲ့ စကားမျိုးကိုပြောဖို့ လောကနီတိဆိုတာ ရှိတယ်၊ နောက် ဒီလိုမပြောနဲ့ ကလေး"ဟု ဆုံးမပါသည်။ စစ်သားဖြစ်လင့်ကစား ကျွန်တော်တို့သည် ကျင့်ဝတ်၊ နီတိ၊ ယဉ်ကျေးမှုများနှင့် ပြည့်ဝသည့် ဆိုဆုံးမမှုများအောက်တွင် ကြီးပြင်းခဲ့ကြရသည်။ ယနေ့ ဂျာနယ်လစ်ကလေးများမှာမူ မည်သူတွေက မည်သို့ သွန်သင်ဆုံးမ ပေးကြပါမည်နည်း။ ကြီးမားသော ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်တို့အတွက် စတုတ္ထ မဏ္ဍိုင် မျိုးဆက်သစ်လေးများကို လေ့ကျင့်သင်ကြား ပေးကြဖို့လည်း ကျန်ရှိပါသေးသည်။ ဂျာနယ်လစ်တို့ ထုံးစံအတိုင်း ဘယ်သူကောင်းတယ်၊ ဘယ်သူ မှန်တယ်ဆိုတာကို လူထုက၊ သမိုင်းက အဆုံးအဖြတ် ပေးပါလိမ့်မည်ဆိုလျှင်လည်း စောင့်ကြည့်ကြဖို့သာ ရှိသည်။ ကျွန်တော်ကမူ ဆယ်စုနှစ် တစ်စုနီးပါး လက်ပွန်းတတီး အတူလျှောက်လှမ်း ဆောင်ရွက်ခဲ့ကြရသည့် ဂျာနယ်လစ်များအားလုံးကို ပြည်သူချစ်သော၊ ကျင့်ဝတ်စည်းကမ်းနှင့် ညီသော၊ နိုင်ငံ့အကျိုးကို အပြည့်အဝ ထမ်းပိုးသော လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်တစ်ခုအဖြစ် တွေ့မြင်ချင်စမ်းလှသည်။ တစ်နည်းအားဖြင့် ကျွန်တော့်ဆောင်းပါးသည် အသက်ငင်နေပြီဖြစ်သော စာပေကောင်ပေတိုင်တစ်ဦး၏ မှာတမ်းဟုဆိုခဲ့လျှင်လည်း စေတနာအပြည့်ဖြင့် ဦးညွှတ်ခံယူလိုက်ပါသည်။

*ဆရာရဲရင့်တင့်ဆွေသည် Eleven Media Group စတင်တည်ထောင်ချိန် ၂၀၀၁ ခုနှစ်မှ လေးနှစ်တိုင် ၂၀၀၅ ခုနှစ် စာပေစိစစ်ညွှန်မှူးဖြစ်သည်အထိ Eleven Media Group တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာများရေးသားခဲ့သူ ဖြစ်ပါသည်။ စနစ်အတွင်း ရှင်သန်ရင်း မိမိတာဝန် ကျေပွန်အောင် ထမ်းဆောင်ရင်း လူသားဆန်သော ဗျူရိုကရက်ကောင်းတစ်ယောက်အဖြစ် ဗျူရိုကရက်ဆိုးများနှင့်မတူ တာဝန်ထမ်းဆောင် ခဲ့သူဖြစ်ပါသည်။ ဒီမိုကရေစီ ခေတ်အပြောင်းတွင် နှစ်ပေါင်း ၅၀ တည်ရှိခဲ့သော စာပေစိစစ်ရေး မရှိတော့မည်မှာ သေချာလာပါပြီ။ သူ့ရင်ထဲမှ လူသားဆန်သော အတွေးတစ်စ ဆောင်းပါးအား Facebook မှ ကူးယူဖော်ပြအပ်ပါသည်။*
***(အယ်ဒီတာ)***